## ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက်ကို တခြားအစိုးရဌာနများကိုလည်း မျှဝေမည်လား။

မျှဝေမည် မဟုတ်ပါ။ Census တွင် ဖြည့်စွက်ထားသော အချက်အလက်ကို တခြားအစိုးရဌာန သို့မဟုတ် အစိုးရ အေဂျင်စီများဖြစ်သည့် ရဲ၊ အခွန်ဌာန Australian Taxation Office နှင့် Centrelink လို အေဂျင်စီများကိုလည်း မျှဝေမည် မဟုတ်ပါ။

ABS ဌာနအနေနှင့် ဩစတြေးလျနိုင်ငံသား အားလုံး၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ပေးဖို့ တရားဝင် သတ်မှတ်ထားပြီး သင်မည်သူဖြစ်သည်၊ မည်သည့်အိမ်ထောင်စု ဖြစ်သည်ဟု ဖော်ပြသည့် အချက်အလက်များကို ဖော်ပြမည် မဟုတ်ပေ။

## Census အပြီးတွင် ကျွန်ုပ်၏ ကိုယ်ရေး အချက်အလက်များ ဘယ်လို ဖြစ်သွားမည်လဲ။

ရရှိထားသည့် အချက်အလက်များ စုဆောင်းပြီး မှတ်တမ်းတင်ခြင်း အပြီးတွင် ABS အနေနှင့် သင့်၏ နာမည်၊ နေရပ်လိပ်စာများကို ဖယ်ရှားမည် ဖြစ်သည်။ လူမှုအဖွဲ့အစည်းအတွက် အကျိုးမရှိတော့သည့်အချိန်တွင် နာမည်နှင့် လိပ်စာများကို လေးနှစ်အတွင်း သို့မဟုတ် လေးနှစ်မတိုင်ခင် ဖျက်သိမ်းမည် ဖြစ်ပါသည်။

## Census ကို မဖြစ်မနေ ဖြည့်စွက်ရမည်လား။

ဖြည့်စွက်ရပါမည်။ နိုင်ငံခြား သံတမန်နှင့် ၎င်းတို့၏ မိသားစုများမှလွဲ၍ ဩစတြေးလျနိုင်ငံတွင် နေထိုင်သူများ အားလုံး Census ညအတွင်း ရောက်ရှိနေသည့် နေရာတွင် ဖောင်ဖြည့်စွက်ရပါမည်။ ဖြည့်စွက်ရမည့်သူများတွင် ၄၅၇ ဗီဇာကိုင်ဆောင်သူနှင့် နိုင်ငံတကာမှ အလည်လာရောက်သူများလည်း ပါဝင်ပါသည်။

အချက်အလက်များအား *Census and Statistics Act 1905* ဥပဒေအရ ကောက်ခံခြင်း ဖြစ်ပါသည်။ Census ကို မဖြည့်စွက်ပါက ဒဏ်ကြေးပေးဆောင်ရနိုင်ပါသည်။

## အရေးကြီးသည့် နေ့စွဲများ

Census အတွက်အရေးပါသော နေ့များ။

- **ဩဂုတ် ၁ ရက် ၂၀၁၆**
  ဖောင်ဖြည့်စွက်ရန် လမ်းညွှန်သည့်စာနှင့် ဖောင်များစတင်ခြင်း
- **ဩဂုတ် ၉ ရက် ၂၀၁၆**
  Census night သန်းခေါင်စာရင်းည
- **ဩဂုတ် ၂၆ ရက် ၂၀၁၆**
  Census တာဝန်ရှိသူများ အိမ်တိုင်ရာရောက် လာရောက်ခြင်း
- **၂၀၁၇ ခုနှစ် နှစ်လည်**
  ၂၀၁၆ Census အချက်အလက်များကို အများပြည်သူအား အသိပေးခြင်း

## ပိုသိလိုပါသလား။

အချက်အလက် ပိုသိလိုပါက **census.abs.gov.au** ကို သွားရောက်လေ့လာနိုင်ပါသည်။



ဩဂုတ်လ ၉ ရက်နေ့သည် သန်းခေါင်စာရင်းည CENSUS NIGHT ဖြစ်သည်။

# အပြောင်းအလဲများ ဖြစ်စေရန်အတွက် ခဏတာ ရပ်တန့်ကြချိန် ဖြစ်ပါသည်။

#MyCensus



Census Australia

@ABSCensus

@ABSCensus

CensusAustralia

**#MyCensus**

Share your #MyCensus moment. See the T&Cs at **mycensus.abs.gov.au/terms**

Australian Bureau of Statistics

**Census**

census.abs.gov.au

**OUR MOMENT TO MAKE A DIFFERENCE**

ဩဂုတ်လ ၉ ရက်သည် CENSUS ည ဖြစ်ပါသည်။

# ဩစတြေးလျနိုင်ငံ၏ အနာဂတ်ကို ပုံဖော်ကြရန်အတွက် လူတိုင်း ခဏတာ ရပ်ဆိုင်းသည့် ကာလလည်း ဖြစ်ပါသည်။

## Census ဆိုတာဘာလဲ။

သန်းခေါင်စာရင်း Census ဆိုသည်မှာ ဩစတြေးလျနိုင်ငံ၏ လူဦးရေနှင့် အိမ်ထောင်စုအပေါ် ကောက်ခံသော အကြီးမားဆုံးသော စာရင်းဖြစ်ပြီး Australian Bureau of Statistics (ABS) မှ ကောက်ခံခြင်း ဖြစ်ပါသည်။ နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း Census ကြောင့် ဩစတြေးလျနိုင်ငံအကြောင်း အတိုချုပ် သိရပြီး ထိုမှတဆင့် ဩစတြေးလျနိုင်ငံ၏ အနာဂတ် ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေးနှင့် အခြေခံ အဆောက်အဦး တည်ဆောက်ရေးများကို ပုံဖော်နိုင်ခြင်း ဖြစ်ပါသည်။

## Census ကို ဘယ်အချိန်လုပ်မှာလဲ။

ဩစတြေးလျနိုင်ငံ၏ Census အား ဩဂုတ်လ ၉ ရက်နေ့တွင် ကောက်ခံပါမည်။

## ဩစတြေးလျအတွက် Census က မည်ကဲ့သို့ အထောက်အကူပြုစေသနည်း။

Census မှတဆင့် အရေးကြီးသော ဩစတြေးလျတွင် နေထိုင်သူများနှင့် အိမ်ထောင်စုများအကြောင်း သိစေနိုင်ပါသည်။ ဩစတြေးလျနိုင်ငံ၏ လူဦးရေအား ခန့်မှန်းနိုင်ပြီး ထိုမှတဆင့် အစိုးရအနေနှင့် လူမှုအဖွဲ့အစည်းအတွင်း လိုအပ်သည့် အစီအစဉ်များ ရေးဆွဲခြင်း၊ ရံပုံငွေများ ချပေးခြင်းများ ပြုလုပ်နိုင်ပါသည်။

၂၀၁၆ ခုနှစ် Census အတွင်း အိမ်ခြေပေါင်း ၁၀ သန်းနှင့် လူအယောက်ပေါင်း ၂၄ သန်း လောက်ရှိလိမ့်မည်ဟုလည်း ကြိုတင်ခန့်မှန်း နေကြပါသည်။

## အွန်လိုင်းပေါ်တွင် Census ဖြည့်စွက်ခြင်း

၂၀၁၆ ခုနှစ်တွင် လူပေါင်း ၁၅ သန်းလောက် အွန်လိုင်းမှတဆင့် Census ကို ဖြည့်စွက်ကြမည်လို့ မျှော်လင့်ရပါသည်။

## ဘာတွေ မျှော်လင့်နိုင်ပါသလဲ။

ဩဂုတ်လ ၁ ရက်နေ့မှ စတင်ပြီး နေအိမ်အများစုတွင် ABS ထံမှ 'To the Resident' ဟု လိပ်မူပို့ဆောင်လာသော စာတစ်စောင်ကို လက်ခံရရှိကြမည် ဖြစ်ပါသည်။

စာထဲတွင် သင့်အိမ်ထောင်စုအတွက် သီးသန့် Census Login နှင့် အွန်လိုင်းပေါ်တွင် Census မည်ကဲ့သို့ ဖြည့်စွက်ရမည်လဲ ဆိုသည့် ညွှန်ကြားချက်များ ပါဝင်သည့်အပြင် ဖောင်စာရွက် မည်ကဲ့သို့ တောင်းခံနိုင်သည့်အကြောင်းများလည်း ပါဝင်ပါသည်။

## ဖုန်းလို လက်ကိုင်ပစ္စည်းများနှင့် အွန်လိုင်းတွင် Census ဖြည့်စွက်နိုင်ပါသလား။

ဖြည့်စွက်နိုင်သည်။ အင်တာနက် အဆက်အသွယ်ရှိသည့် ကွန်ပြူတာ၊ laptop၊ tablet ဒါမှမဟုတ် မိုဘိုင်းပစ္စည်းများ မှတဆင့် အွန်လိုင်းပေါ်တွင် ဖြည့်စွက်နိုင်ပါသည်။

## ဘာကြောင့် ဒီဂျစ်တယ်ကို သုံးပါသလဲ။

Census ကို အွန်လိုင်းကနေ ဖြည့်စွက်သည်မှာ မြန်ဆန် လွယ်ကူပြီး လုံခြုံမှု ရှိသကဲ့သို့ သဘာဝ ပတ်ဝန်းကျင်အတွက်လည်း ကောင်းမွန်သည့်အပြင် Census အတွက် ကုန်ကျစရိတ်များလည်း သက်သာစေပါသည်။

## ဖောင်စာရွက်မှာရော ဖြည့်စွက်နိုင်ပါသလား။

ဖြည့်စွက်နိုင်ပါသည်။ အင်တာနက် အဆက်အသွယ်မရှိသည့်အခါ သို့မဟုတ် ဖောင်စာရွက်တွင်သာ ဖြည့်စွက်လိုလျှင် ဖောင်စာရွက် အလိုအလျောက် ပို့ပေးသည့် ဝန်ဆောင်မှုအား ဖုန်းခေါ်ဆို၍ တောင်းနိုင်ပါသည်။ ပို့လာသည့် စာတွင် ပါလာသည့် နံပတ် ၁၂ ခုပါ Census Login အား အသုံးပြုရမည် ဖြစ်သည်။

ဖောင်စာရွက်ကို ဖြည့်စွက်ပြီးပါက အသင့်ပါလာသော Reply Paid စာအိတ်အား အသုံးပြု၍ ချက်ခြင်းပြန်လည် ပို့ဆောင်ရမည် ဖြစ်ပြီး Census Field Officer လာယူမည့် အချိန်အထိ စောင့်ဆိုင်းရန် မလိုအပ်ပါ။

## စကားပြန်လိုအပ်ပါတယ်။ ဘယ်နေရာမှာ ခေါ်ရမလဲ။

ဖောင်ဖြည့်စွက်ဖို့ စကားပြန်၏ အကူအညီလိုအပ်ပါက Translating and Interpreting Service – TIS National ၏ဖုန်းနံပတ်ဖြစ်သော **၁၃၁ ၄၅၀** ကို ခေါ်ဆိုနိုင်ပါသည်။

TRANSLATING AND INTERPRETING SERVICE

## ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက်တွေ မပေါက်ကြားအောင် ABS က ဘာလုပ်ပေးပါသလဲ။

ABS အနေဖြင့် ကိုယ်ရေးအချက်အလက် ထိန်းသိမ်းမှုကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လူတွေ၏ အချက်အလက်များကို ကောင်းမွန်စွာ မထိန်းသိမ်းဟု ယူဆကြလျှင် Census ကောက်ခံရာတွင် အောင်မြင်မှု ရမည် မဟုတ်ပေ။

ABS အနေဖြင့် Census ထဲက တဦးတယောက် သို့မဟုတ် အိမ်ထောင်စု တစု၏ အချက်အလက်များကို လုံဝ ပေါက်မကြားအောင် သေချာ လုပ်ဆောင်ထားပါသည်။






